# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်

ရက်စွဲ။ ၂၀၁၇-ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်။

အကြောင်းအရာ။ ။ **၂၀၁၈-ပညာသင်နှစ်ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း။**

၁။ ၂၀၁၈ ပညာသင်နှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် -

**ဆေးဘက်ဆိုင်ရာနည်းပညာဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာအသံလွှန်လှိုင်းဖြင့်ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာ | (၁)နှစ် |

**ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ဓာတ်ခွဲနည်းပညာ) | (၂)နှစ် |
| (ခ) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) | (၂)နှစ် |
| (ဂ) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ခန္ဓာသန်စွမ်းမှုနည်းပညာ) | (၂)နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) သက်ဆိုင်ရာဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရရှိထားသူဖြစ်ရမည်၊

(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက်(၁)နှစ် ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်၊

(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက်မကြီးသူဖြစ်ရမည်၊

(င) ဆေးဘက်ဆိုင်ရာနည်းပညာဒီပလိုမာရရှိပြီးပါကအနည်းဆုံး (၂)နှစ်နှင့် မဟာသိပ္ပံဘွဲ့လွန်ရရှိပြီးပါကအနည်းဆုံး(၅)နှစ်နိုင်ငံ့ဝန်ထမ်းအဖြစ်ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်၊